# သင့်ရင်သွေးများအတွက် အရည်အသွေးမီ အခမဲ့မူကြိုကျောင်း



*Early Childhood Education and Assistance Program* (ကလေးဘဝအစောပိုင်း ပညာရေးနှင့် ထောက်ပံ့ရေး အစီအစဉ်, *ECEAP*)

ECEAP သည် ကလေးများကို သူငယ်တန်းတက်ရောက်နိုင်ရေးအတွက် အောင်မြင်မှုရစေရေး အဆင်သင့်ဖြစ်စေရန် ကူညီပေးပါသည်။

### အသက် 3 နှစ် သို့မဟုတ် 4 နှစ်အရွယ် ကလေးများသည် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ ၎င်းအပြင်-

- ပြည်နယ်၏ ပျမ်းမျှဝင်ငွေပမာဏ 36% အထိသာရှိသော မိသားစုမှ ဖြစ်ရမည် (မိသားစုဝင် 4 ဦးရှိသော မိသားစုအတွက် $47,179 ခန့်ဝင်ငွေ) သို့မဟုတ်
- ပြည်နယ်၏ ပျမ်းမျှဝင်ငွေပမာဏ 100% အထိရှိသော မျိုးနွယ်စု မိသားစုမှ ဖြစ်ရမည် (မိသားစုဝင် 4 ဦးရှိသော မိသားစုအတွက် $131,054 ခန့်ဝင်ငွေ) သို့မဟုတ်
- ကျောင်းခရိုင် အထူးပညာရေးဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသူ ဖြစ်ရမည် သို့မဟုတ်
- အိမ်ရာမဲ့ဖြစ်နေသူ ဖြစ်ရမည် သို့မဟုတ်
- ESIT၊ ECLIPSE၊ Early Head Start (အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုပရိုဂရမ်) သို့မဟုတ် အစောပိုင်း ECEAP တွင် ပါဝင်ထားသူ ဖြစ်ရမည် သို့မဟုတ်
- အောက်ဖော်ပြပါတို့ ပါဝင်သော အရည်အချင်းပြည့်မီရေး အချက်များရှိသူ-
  - ပြည်နယ် သို့မဟုတ် မျိုးနွယ်စု သက်သာချောင်ချိရေး ဝန်ဆောင်မှုများတွင် ပါဝင်ထားသူ
  - နာတာရှည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေများရှိသူ
  - အခြားအချက်များ

## ECEAP က ပံ့ပိုးပေးပါသည်

- မူကြိုကျောင်း
- အာဟာရပြည့်ဝသော အစားအစာများနှင့် သရေစာများ
- ကျန်းမာရေးစစ်ဆေးမှုများ
- မိသားစုထောက်ပံ့မှု

## မေးစရာများ ရှိပါသလား။ ဆက်သွယ်ရန်-

**ဆက်သွယ်ရန် အချက်အလက်များကို ဤနေရာတွင် ထည့်သွင်းပါ**

*DCYF သည် လူမျိုး၊ အသားအရောင်၊ ကျား၊မ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာအယူဝါဒ၊ အိမ်ထောင်ရှိမရှိ၊ နိုင်ငံဇာတိ၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ၊ အသက်၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် လိင်စိတ်ခံယူချက်၊ စစ်မှုထမ်းဟောင်းဖြစ်ခြင်း သို့မဟုတ် စစ်မှုထမ်းခြင်း အခြေအနေ၊ နို့တိုက်မိခင်ဖြစ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံစားမှုပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေခြင်း သို့မဟုတ် လမ်းပြခွေး သို့မဟုတ် အကူအညီပေးသည့်တိရစ္ဆာန်ကို အသုံးပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ လူတိုင်းကို ခွဲခြားဆက်ဆံခြင်းမပြုဘဲ ၎င်း၏ ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို တန်းတူအသုံးပြုခွင့်ပေးပါသည်။ ဤစာစောင်ကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် အခမဲ့ မိတ္တူများ ရယူလိုပါက DCYF မဲဆန္ဒနယ် ဆက်သွယ်ရေးရုံး၊ 1-800-723-4831 သို့ ဆက်သွယ်ပါ သို့မဟုတ် communications@dcyf.wa.gov သို့ အီးမေးလ်ပို့ပါ။*

DCYF PUBLICATION EL_0055 BS (10-2024) Burmese

Washington State Department of
CHILDREN, YOUTH & FAMILIES